**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အလုပ်သမားဝန်ကြီးဌာန**

**လူမှုဖူလုံရေးအဖွဲ့**

**နေပြည်တော်**

**လျှောက်လွှာခေါ်ယူခြင်း**

**၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်**

**(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ လ ၈ ရက်)**

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်းထား(ကျပ်) | ခန့်ထားမည့် ရာထူးနေရာ | အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး<br>(လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | ၁၅ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုရရှိရမည်။ |
| ( ခ ) | အငယ်တန်းစာရေး<br>(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | ၃၆၅ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုရရှိရမည်။ |
| ( ဂ ) | ယာဉ်မောင်း-၅ (အမျိုးသား)<br>(လစာနှုန်းကျပ် ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) | ၁၀ နေရာ | အခြေခံပညာအလယ်တန်းအဆင့်၊ ယာဉ်မောင်းလိုင်စင် (ခ) ရှိရမည်။ |
| (ဃ) | ရုံးအကူ<br>(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၄၀ နေရာ | အခြေခံပညာအလယ်တန်းအဆင့် ရှိရမည်။ |
| ( င ) | အစောင့် (အမျိုးသား)<br>(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၅၃ နေရာ | အခြေခံပညာမူလတန်းအဆင့်ရှိရမည်။ |
| ( စ ) | သန့်ရှင်းရေးအကူ<br>(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၄၀ နေရာ | အခြေခံပညာမူလတန်း အဆင့်ရှိရမည်။ |
| (ဆ) | လုပ်သား (ထမင်းချက်)<br>(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၆ နေရာ | အခြေခံပညာမူလတန်း အဆင့်ရှိရမည်။ |
| ( ဇ ) | လုပ်သား (ရင်ခွဲရုံလုပ်သား)<br>(လစာနှုန်းကျပ် ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | ၁ နေရာ | အခြေခံပညာမူလတန်း အဆင့်ရှိရမည်။ |

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် ရွေးချယ်ခြင်းခံရပါက လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံး၊ ခရိုင်လူမှုဖူလုံရေးရုံး၊ မြို့နယ်လူမှုဖူလုံရေးရုံး၊ အလုပ်သမားဆေးရုံကြီးများ (ရန်ကုန်/မန္တလေး/ထန်းတပင်) နှင့် မြို့နယ်လူမှုဖူလုံရေးဆေးခန်းများတွင် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဂ) အထက်အပိုဒ် (၁) ပါ သတ်မှတ် ပညာအရည်အချင်းပြည့်မီသူဖြစ်ရမည်။

(ဃ) အမှတ်စဉ် (က) နှင့် (ခ) လျှောက်ထားလိုသူများသည် ၃၀-၁၁-၂၀၂၂ ရက်နေ့တွင် အသက် (၁၈) နှစ် ပြည့်ပြီး အသက် (၃၀) နှစ် ထက်မကျော်စေရ။ ဝန်ထမ်းဖြစ်ပါက ၃၀-၁၁-၂၀၂၂ ရက်နေ့တွင် အသက် (၃၅) နှစ် ထက်မကျော်စေရ၊ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

(င) အမှတ်စဉ် (ဂ)၊ (ဃ) လျှောက်ထားလိုသူများသည် ၃၀-၁၁-၂၀၂၂ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၃၅) နှစ်ထက်မကျော်စေရ။

(စ) အမှတ်စဉ် (င)၊ (စ)၊ (ဆ)၊ (ဇ) လျှောက်ထားလိုသူများသည် ၃၀-၁၁-၂၀၂၂ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၄၅) နှစ်ထက်မကျော်စေရ။

(ဆ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ပါရမည်။

၃။ လျှောက်လွှာပုံစံအား လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများ၊ မြို့နယ်လူမှုဖူလုံရေးရုံးများတွင် ထုတ်ယူရမည်ဖြစ်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ

(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ

(ဂ) အမှတ်စဉ် (ဂ)၊ (ဃ) လျှောက်ထားသူများသည် အခြေခံအလယ်တန်းအဆင့် ပညာရေးအထောက်အထား မိတ္တူနှင့် အမှတ်စဉ် (ဂ) လျှောက်ထားသူများသည် ယာဉ်မောင်း လိုင်စင် (ခ) မိတ္တူ

(ဃ) အမှတ်စဉ် (င)၊ (စ)၊ (ဆ)၊ (ဇ) လျှောက်ထားသူများသည် အခြေခံမူလတန်း အဆင့် ပညာရေး အထောက်အထားမိတ္တူ

(င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(စ) အိမ်ထောင်စုစာရင်းမိတ္တူ

(ဆ) ပြင်ပပုဂ္ဂိုလ် ဖြစ်ပါက အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဇ) အမှတ်စဉ် (ဂ)၊(ဃ) လျှောက်ထားသူများသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃၀-၁၁-၂၀၂၂ ရက်နေ့တွင် အသက် (၃၅) ထက် မကျော်လွန်ရ၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ထောက်ခံချက်မူရင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း

(ဈ) ယခင်က နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်း ရှိ / မရှိနှင့် ရှိပါက မည်သည့်ဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ကြောင်းနှင့် အလုပ်မှနုတ်ထွက်ခဲ့သည့် အကြောင်းအရာ၊ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ

(ည) အစိုးရဌာန တစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismissal) ခြင်း၊ ရာထူးမှ ထုတ်ပယ် (Removal) ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

(ဋ) လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ် ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ မူရင်းနှင့် ပတ်စပို့အရွယ်ဓါတ်ပုံ (၃) ပုံ ပူးတွဲတင်ပြရမည်။

(ဌ) အမြဲတမ်းနေရပ် လိပ်စာ အပြည့်အစုံ

(ဍ) ပြန်တမ်းဝင်အရာရှိ တစ်ဦးဦး၏ ထောက်ခံချက်

၄။ လျှောက်လွှာများကို ၃၀-၁၁-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများတွင် လူကိုယ်တိုင် လာရောက်လျှောက်ထားရမည်။

၅။ အမှတ်စဉ် (က)၊ (ခ) လျှောက်ထားသူများသည် အထွေထွေဗဟုသုတဘာသာရပ်/ အင်္ဂလိပ်စာဘာသာရပ် ရေးဖြေစာမေးပွဲ နှင့် ကွန်ပျူတာ(လက်တွေ့)၊ လူတွေ့နှုတ်ဖြေ စစ်ဆေးခြင်းများ ဖြေဆိုရမည်ဖြစ်ပါကြောင်းနှင့် အမှတ်စဉ် (ဂ) ၊ (ဃ)၊ (င)၊ (စ)၊ (ဆ)၊ (ဇ) လျှောက်ထားသူများသည် လူတွေ့ နှုတ်ဖြေတို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံးများတွင် ဖြေဆိုရမည်။ ဖြေဆိုမည့်နေ့ရက်အား လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများတွင် ကြေငြာပေးမည်။ ဝန်ကြီး ဌာန၏ Website (https://www.mol.gov.mm) တွင်ဖော်ပြထားပါသည်။

၆။ ဝန်ထမ်းသစ်လျှောက်လွှာများအား လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ်လူမှုဖူလုံရေးရုံးများ၊ ခရိုင်လူမှုဖူလုံရေးရုံးများနှင့် မြို့နယ်လူမှုဖူလုံရေးရုံးများတွင်ရယူနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

၇။ အသေးစိတ် သိရှိလိုပါက ပြည်နယ်/ တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးများနှင့် နေပြည်တော်ကောင်စီ၊ လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) နေပြည်တော်၊ ၀၆၇-၃၄၃၀၇၉၀၃၊ ၀၆၇-၄၃၀၇၉၀၆ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လူမှုဖူလုံရေးအဖွဲ့
အလုပ်သမားဝန်ကြီးဌာန

# လျှောက်လွှာပုံစံများ

ဒုတိယညွှန်ကြားရေးမှူးလျှောက်လွှာပုံစံ

အငယ်တန်းစာရေးလျှောက်လွှာပုံစံ

ယာဉ်မောင်း-၅(အမျိုးသား)လျှောက်လွှာပုံစံ

ရုံးအကူလျှောက်လွှာပုံစံ

အစောင့်(အမျိုးသား)လျှောက်လွှာပုံစံ

သန့်ရှင်းရေးအကူလျှောက်လွှာပုံစံ

လုပ်သား(ထမင်းချက်)လျှောက်လွှာပုံစံ

လုပ်သား(ရင်ခွဲရုံလုပ်သား)လျှောက်လွှာပုံစံ